Legal Aid Network
ဥပဒေ အထောက်အကူပြုကွန်ရက်
Email:- legalaidnetwork@gmail.com website:- legalaidnetwork.org

**အစိုးရတပ်များနှင့် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့က ကျူးလွန်နိုင်ဖွယ်ရှိသည့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုမြောက်သော မည်သည့်မတရားသတ်ဖြတ်မှုမျိုးကိုမဆို ကန့်ကွက်ကြောင်း ထုတ်ပြန်ချက်**

(၁) ၂၀၂၁ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ကွပ်ကဲမှုအောက်တွင် လှုပ်ရှားနေသော ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (Karen National Defense Organizations – KNDO) က အပြစ်မဲ့ပြည်သူ ၂၅ ဦးကို သတ်ဖြတ်ခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီး အများပြည်သူတရပ်လုံးအား ထိတ်လန့် သွားစေခဲ့သည်။ **KNDO ခေါင်းဆောင် သည် စောနန္ဒာမြဖြစ်သည်။ ၎င်း၏ လက်အောက်ငယ်သားများက** စစ်ကောင်စီ၏ အဆိုပါစွပ်စွဲချက်ကို ကငြင်းဆိုထားသည်။ သို့ရာတွင် KNDO က အဆိုပါ ၂၅ ဦးမှာ စစ်ကောင်စီဘက်က စေလွှတ်သည့် ထောက်လှမ်းရေးများဖြစ်ကြောင်း သံသယရှိသဖြင့် ဖမ်းဆီးထိန်းသိမ်းထားခဲ့ ကြောင်း ဝန်ခံခဲ့သည်။[1] ထို့ကြောင့် ၎င်းတို့၏ ပြုလုပ်မှုတွင် *prima facie* ခေါ် ပြစ်မှုကို **ကျူးလွန်ခဲ့ကြောင်းအခြေခံအကြောင်း အထောက်ထားများ တွေ့ နေရသည်။** စစ်ရာဇဝတ်မှုကျူးလွန် **နိုင်ဘွယ်အနေအထားများ** ပေါ်ပေါက်နေသည့်အပြင် မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသည့် စစ်ဥပဒေခေါ် ဂျီနီဗာကွန်ဗင်းရှင်းကိုအတိအလင်း ချိုးဖောက်**ရာရောက်နေသည်။**

(၂) ဤပြစ်မှုကြီးနှင့် စပ်လျဉ်း၍ KNU ဒုဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက BBC၏ မေးခွန်းကို တိကျစွာ ဖြေဆိုနိုင် ခဲ့ခြင်းမရှိပေ။[2] စင်စစ်အားဖြင့် မြန်မာစစ်တပ်နှင့်အလားတူ KNU တွင်လည်း ဂျီနီဗာကွန်ဗင်းရှင်းနှင့်အညီ ရေးဆွဲပြဌာန်းထားသည့် စစ်ရာဇဝတ်မှုနှင့်ပတ်သက်သည့် ဥပဒေတခုတလေမျှ မရှိပါ။ အကယ်၍ ပဒိုစောကွယ်ထူးဝင်းက ထိုကဲ့သို့ ဥပဒေနှင့်မညီသော ပြုလုပ်မှုနှင့်ပတ်သက်၍ သက်သေအထောက်အထားများကို ဖျောက်ဖျက်လျှင်သော်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူများကို အရေးယူအပြစ်ပေးရန် ပျက်ကွက်လျှင်

[1] RFA Burmese, "ကနဲလေးရွာ ၂၅ ဦး သတ်ဖြတ်မှု KNDO ရှင်းလင်းချက်ထုတ်"
https://www.facebook.com/rfaburmese/posts/10161171603763128
[2] BBC Burmese, "ဝေါလေက သတ်ဖြတ်ခံရမှုတွေကို KNU ဘယ်လို စုံစမ်းစစ်ဆေးမလဲ"
https://www.facebook.com/watch/?v=346978610108680

သော်လည်းကောင်း (အထက်အရာရှိအဖြစ် အမိန့်ပေးပိုင်ခွင့်ရှိသောကြောင့် တာဝန်ခံမှုဟူသည့် နိုင်ငံတကာဥပဒေသအရ) ၎င်းတွင် ထိပ်ဆုံးက တာဝန်ရှိပေသည်။ **စောနန္ဒာအားမြတွင်**လည်း ထိုနည်းတူ တာဝန်ရှိသည်။ KNDO ခေါင်းဆောင်တဦးအနေဖြင့် ထိုကဲ့သို့သော ပြစ်မှုကြီးကို ကျူးလွန်ရန် ၎င်း၏လက်အောက်ငယ်သားများကို အမိန့်ပေးခဲ့ခြင်းရှိမရှိ အတိအလင်းထုတ်ဖော် သင့်သည်။ ထိုသို့မဟုတ်ဘဲ မိမိအပြစ်ကင်းစင်ကြောင်း သက်သေပြလိုပါက လွတ်လပ်သည့် အချက်အလက်ရှာဖွေရေး ယန္တရား (Independent Investigative Mechanism for Myanmar – IIMM) ကို KNDO အနေဖြင့် ဖိတ်ခေါ်သင့်သည်။ IIMM ကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် နိုင်ငံတကာအဆင့်ရှိ ပြစ်မှုကြီးများ၊ နိုင်ငံတကာဥပဒေချိုးဖောက်မှုများနှင့်စပ်လျဉ်းပြီး သက်သေအထောက် အထားများကို ရှာဖွေ၊ စုဆောင်း၊ ထိန်းသိမ်းရန်နှင့် လေ့လာဆန်းစစ်မှုများ ပြုလုပ်သွားရန် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ဖွဲ့စည်း**ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။**

(၃) စစ်ကောင်စီ (တပ်မတော်) က အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့ (Non-State Armed Group) ဖြစ်သည့် KNU အား စစ်ရာဇဝတ်မှုများ ကျူးလွန်သည့် အဖွဲ့အစည်းတခုအဖြစ် စွပ်စွဲနေသော်လည်း ယခင်က အစိုးရ၏အရေးပါသည့် အစိတ်အပိုင်းတခုဖြစ်ခဲ့သည့် တပ်မတော်ကိုယ်တိုင်က လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ဂျီနီဗာကွန်ဗင်းရှင်းပါ **ပြဋ္ဌာန်းချက်များကို** တောက်လျှောက်**ချိုးဖောက်လာခဲ့သည်**။ ကချင်၊ ကရင်နီ၊ ရခိုင်နှင့် ကရင်ပြည်နယ်များတွင်**သာမက ရှမ်းပြည်မြောက်ပိုင်းမုံးကိုးဒေသတွင် မြန်မာစစ်တပ် (တပ်မတော်) က** အလွန်ဆိုးဝါးပြင်းထန်သည့် စစ်ရာဇဝတ်မှု (၂) ခုကို ၂၀၁၆ ခုနှစ်တွင် တကြိမ်၊[3] ၂၀၀၀ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် တကြိမ် အသီးသီးကျူးလွန်ခဲ့သည်။

(၄) ထိုအချိန်က မြန်မာနိုင်ငံလူမျိုးစု ဒီမိုကရေစီ မဟာမိတ်တပ်ပေါင်းစု (MNDA/MNDAA) (ခေါ်) ကိုးကန့်အဖွဲ့ခေါင်းဆောင် မုန်ဆာလ အားဆန့်ကျင်ကာ လီနင်မင် **ဦးဆောင်၍** အဖွဲ့အတွင်း အာဏာသိမ်းရန် ကြိုးပမ်းခဲ့သည်။ **နှစ်ဘက်လုံးက** ဗိုလ်ခင်ညွန့် **ခေါင်းဆောင်ခဲ့သည့်** စစ်ထောက်လှမ်းရေးအဖွဲ့**ထံမှ** **အကူအညီကို** တောင်းခံခဲ့ကြသည်။ ထို့နောက် တပ်မတော်က လီနင်မင် **နှင့်** အခြားကိုးကန့်ခေါင်းဆောင် ၂၃ ဦးတို့ အပါအဝင် ကိုးကန့် ၁၅၀ ဦး အား မုံးကိုးမြို့အနီး၊ ဟောမိုးလုံ ဒေသ**တွင်** အစုလိုက်အပြုံလိုက် သတ်ဖြတ်ကာ မြေမြှုပ်ထားခဲ့သည်။

(၅) ၂၀၁၃ ခုနှစ်၊ မတ်လ တပ်မတော်နေ့အခမ်းအနား မိန့်ခွန်းတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ဤသို့ပြော ကြားခဲ့သည်။ "မိမိတို့တပ်မတော်ဟာ ဂျီနီဗာကွန်ဗင်းရှင်းကိုသာမက တည်ဆဲဥပဒေများ၊ စစ်ဥပဒေများ နှင့် စစ်စည်းမျဉ်းစည်းကမ်းများကို **မသွေ** **မတိမ်း**လိုက်နာသည့် အဖွဲ့အစည်းဖြစ်ပါတယ်။

[3] UN Human Rights Council, Report of the Independent International Fact-Finding Mission for Myanmar, Sept 18, 2018, Para, 228, 316 to 320, and 321 to 323.
https://www.ohchr.org/EN/HRBodies/HRC/Pages/NewsDetail.aspx?NewsID=23575&LangID=E

တပ်မတော်အရာရှိ၊ စစ်သည်များအားလုံးကို ဂျီနီဗာကွန်ဗင်းရှင်းအား နားလည်၊ လိုက်နာရန် လေ့ကျင့်ပေးထားတဲ့ အတွက် မိမိတို့ တပ်မတော်အနေနဲ့ စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ခြင်းလုံးဝမရှိပါ၊ ပြစ်မှုကျူးလွန်သည့် တပ်သားများကိုလည်း စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါတယ်”[4] ဟူ၍ ပြောဆိုခဲ့သည်။ သို့ရာတွင် ၎င်း၏ပြောဆိုချက်နှင့် မြေပြင်အခြေအနေတို့မှာ ပြောင်းပြန်ဖြစ်နေသည်။

## ထောက်ခံတင်ပြချက်

ဥပဒေစိုးမိုးရေးကို ငြင်းပယ်ထားသမျှကာလပတ်လုံး ဘယ်သောအခါမျှ ငြိမ်းချမ်းရေး ရနိုင်မည် မဟုတ်ပါ။ ဒီမိုကရေစီထွန်းကားသည့် လူ့အဖွဲ့အစည်းတရပ်၏ အခြေခံအုတ်မြစ်အဖြစ် ဥပဒေစိုးမိုးရေးကို မဖြစ်မနေ လိုက်နာဖော်ဆောင်ရန်လိုပေသည်။ ဥပဒေစိုးမိုးရေးရရှိရန်မှာ နိုင်ငံတကာအဆင့် ရှိသော ရာဇဝတ်မှု များအတွက် တာဝန်ခံမှုကိုရှာဖွေခြင်း၊ ပြစ်မှုကျူးလွန်ထားသော်လည်း အပြစ်ပေးအရေးယူခံရခြင်းမှ ကင်းလွတ် ခွင့်ရနေသည့် အခြေအနေများအား အဆုံးသတ်စေခြင်း တို့ **အားဖော်ဆောင်ရန်မှာ အဓိက ဖြစ်**သည်။ **မတရား** ဖမ်းဆီးခံရခြင်း၊ **တရားစီရင်ရေးအရ မဟုတ်ဘဲ သတ်ဖြတ်ခံရခြင်းတို ့မှနေ၍ လူထုများအား** ဥပဒေပြဌာန်း ကာကွယ်ပေး ရမည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့ ဥပဒေအထောက် အကူပြုကွန်ရက်အနေဖြင့် ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခများအတွင်း အစိုးရတပ်ဖွဲ့များနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့များအားလုံး ဂျီနီဗာကွန်ဗင်း ရှင်း **နှင့်** နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများကို လေးစားလိုက်နာကြရန်လိုကြောင်း တိုက်တွန်းအကြံပြု လိုက်ပါသည်။

**ဥပဒေအထောက်အကူပြုကွန်ရက်** ဇွန်လ ၂၄ ရက်၊ ၂၀၂၁ ခုနှစ်။

အသေးစိတ်သိလိုပါက ဆက်သွယ်ရန် -

Mr. Aung Htoo, M.A (Human Rights) R.L., Human Rights Lawyer
Program on Teaching Human Rights Law, Columbia University, New York, USA.
Founder of Legal Aid Network (LAN) and Principal of Federal Law Academy
E.mail: legalaidnetwork@gmail.com
Website: legalaidnetwork.org
Tel: (46) 76 1156 215

---

[4] Speech quoted in: Women League of Burma (WLB), *Same Impunity and the Same Patterns: Sexual Abuses by the Burma Army Will Not Stop Until There Is a Genuine Civilian Government* (WLB January 2014) 40. Available at https://womenofburma.org/sites/default/files/2018-06/2014_Jan_SameImpunitySamePattern_English-final.pdf accessed 22 September 2020.

Mr. Adalgiso Montinari: M.A Conflict Studies and Human Rights, University of Utrecht, The Netherlands.
Senior Researcher & Program Facilitator - Legal Aid Network (LAN)
E.mail: legalaidnetwork@gmail.com

Mr. Kyaw Kyaw, B.Sc (Geology)
Strategy & Policy Consultant
Legal Aid Network (LAN)
E.mail: kyawkyaw@legalaidnetwork.org

Ms. Lu Awng (LL.B, B.A Com Arts)
Advocacy Coordinator, Legislative Assemblies
Legal Aid Network (LAN)
Email: lu.awng@legalaidnetwork.org

Ms. Ja Nu Pan (LL.B, LL.M, Ph.D)
Advocacy Coordinator for Legal and Constitutional Campaign
Legal Aid Network (LAN)
E.mail: janupan@legalaidnetwork.org

Mr. Lahpai Naw San (LL.B, D.L)
Advocacy Coordinator to Ethnic Resistance Organizations
Legal Aid Network (LAN)
E.mail: lahpai.nawsan@legalaidnetwork.org

Ms. Roi San Awng (LL.B, DBL, DML)
Advocacy Coordinator to National Legal Communities
Legal Aid Network (LAN)
E.mail: roisanawng@legalaidnetwork.org